www.burmeseclassic.com

အလင်္ကာဝတ်ရည်

အလင်္ကာဝတ်ရည်

# တေးသင်္ကေတပေါင်းချုပ်

တေးသင်္ကေတ ပြုစုသူ

## ကေတုဝင်းထွန်း



BURMESE CLASSIC .com

sign Khant Minn Htet

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| အလင်္ကာဝတ်ရည်စာတည်းအဖွဲ့၏အမှာ | | ၁၁ |
| တေးပြုဂီတစာဆို ကေတုဝင်းယွန်း၏ ကိုယ်ရေးအကျဉ်း | | ၁၃ |
| ၁။ | ကသစ်ပန်း<br>*ကသစ်ပန်း (ဂီတသင်္ကေတ)* | ၁၅ |
| ၂။ | ကျေးစေတမန်<br>*ကျေးစေတမန် (ဂီတသင်္ကေတ)* | ၁၉ |
| ၃။ | ခရေပင်အောက်ကပိတောက်ချစ်သူ<br>*ခရေပင်အောက်ကပိတောက်ချစ်သူ (ဂီတသင်္ကေတ)* | ၂၃ |
| ၄။ | ချောကလျှာ<br>*ချောကလျှာ (ဂီတသင်္ကေတ)* | ၂၇ |
| ၅။ | ချစ်ပြုံးနှင်းဆီ<br>*ချစ်ပြုံးနှင်းဆီ (ဂီတသင်္ကေတ)* | ၃၁ |
| ၆။ | ချစ်ရေစင်<br>*ချစ်ရေစင် (ဂီတသင်္ကေတ)* | ၃၅ |
| ၇။ | ခွင့်မပန်ဘဲ သွားပါနဲ့ကွယ်<br>*ခွင့်မပန်ဘဲ သွားပါနဲ့ကွယ် (ဂီတသင်္ကေတ)* | ၃၉ |
| ၈။ | ဂီတဗိမာန်<br>*ဂီတ ဗိမာန် (ဂီတသင်္ကေတ)* | ၄၃ |
| ၉။ | စမ်းရေအိုင်<br>*စမ်းရေအိုင် (ဂီတသင်္ကေတ)* | ၄၇ |
| ၁၀။ | စိမ်းလဲ့ညို<br>*စိမ်းလဲ့ညို (ဂီတသင်္ကေတ)* | ၅၁ |
| ၁၁။ | ဆုံးကမ္ဘာမြေသို့တိုင်<br>*ဆုံးကမ္ဘာမြေသို့တိုင် (ဂီတသင်္ကေတ)* | ၅၅ |
| ၁၂။ | ဆောင်း<br>*ဆောင်း (ဂီတသင်္ကေတ)* | ၅၉ |
| ၁၃။ | ဆောင်းကြာခြည်<br>*ဆောင်းကြာခြည် (ဂီတသင်္ကေတ)* | ၆၃ |
| ၁၄။ | ဆောင်းနှင်းမြူနဲ့ ကိုယ့်ချစ်သူ<br>*ဆောင်းနှင်းမြူနဲ့ ကိုယ့်ချစ်သူ (ဂီတသင်္ကေတ)* | ၆၇ |
| ၁၅။ | ဆောင်းရယ်နှင်းရယ် ကိုယ့်ချစ်သူရယ်<br>*ဆောင်းရယ်နှင်းရယ် ကိုယ့်ချစ်သူရယ် (ဂီတသင်္ကေတ)* | ၇၁ |
| ၁၆။ | ဆောင်းအမိ<br>*ဆောင်းအမိ (ဂီတသင်္ကေတ)* | ၇၅ |
| ၁၇။ | ဇေယျာရွှေမြေ<br>*ဇေယျာရွှေမြေ (ဂီတသင်္ကေတ)* | ၇၉ |
| ၁၈။ | တက္ကသိုလ်မှာဝေတဲ့နှင်း<br>*တက္ကသိုလ်မှာဝေတဲ့နှင်း (ဂီတသင်္ကေတ)* | ၈၃ |
| ၁၉။ | တစ်ဆောင်းသစ်ပြန်ပြီ<br>*တစ်ဆောင်းသစ်ပြန်ပြီ (ဂီတသင်္ကေတ)* | ၈၇ |
| ၂၀။ | တစ်ပင်တိုင်မင်းသားကြီး<br>*တစ်ပင်တိုင်မင်းသားကြီး (ဂီတသင်္ကေတ)* | ၉၁ |
| ၂၁။ | တန်ပို့မဖုရား<br>*တန်ပို့မဖုရား (ဂီတသင်္ကေတ)* | ၉၅ |
| ၂၂။ | တိမ်တမန်<br>*တိမ်တမန် (ဂီတသင်္ကေတ)* | ၉၉ |
| ၂၃။ | နပန်းဆံ<br>*နပန်းဆံ (ဂီတသင်္ကေတ)* | ၁၀၃ |
| ၂၄။ | နေ့စဉ်ပိတောက်ပွင့်ပါစေ<br>*နေ့စဉ်ပိတောက်ပွင့်ပါစေ (ဂီတသင်္ကေတ)* | ၁၀၇ |

www.burmeseclassic.com


၂၅။ နွေဦးတေးသံ ၁၁၁
*နွေဦးတေးသံ (ဂီတသင်္ကေတ)*

၂၆။ နှင်းတွေဝေမှဖြင့် ၁၁၅
*နှင်းတွေဝေမှဖြင့် (ဂီတသင်္ကေတ)*

၂၇။ နက်ဖြန် သို့မဟုတ် ဘယ်သောအခါ ၁၁၉
*နက်ဖြန် သို့မဟုတ် ဘယ်သောအခါ (ဂီတသင်္ကေတ)*

၂၈။ နတ်ရှင်နောင် ၁၂၃
*နတ်ရှင်နောင် (ဂီတသင်္ကေတ)*

၂၉။ ပေဖူးလွှာ ၁၂၇
*ပေဖူးလွှာ (ဂီတသင်္ကေတ)*

၃၀။ ပန်းပိတောက်တွေကြွေရာမြေ ၁၃၁
*ပန်းပိတောက်တွေကြွေရာမြေ (ဂီတသင်္ကေတ)*

၃၁။ ပျို့ဆုတောင်း ၁၃၅
*ပျို့ဆုတောင်း (ဂီတသင်္ကေတ)*

၃၂။ ဖတ်ဖူးဆင်ခင်ခင်ကြိုက်တယ် ၁၃၉
*ဖတ်ဖူးဆင်ခင်ခင်ကြိုက်တယ် (ဂီတသင်္ကေတ)*

၃၃။ မလေးလက်ခတ်သံ ၁၄၃
*မလေးလက်ခတ်သံ (ဂီတသင်္ကေတ)*

၃၄။ မလွမ်းဘယ်သူနေပါ့မယ် ၁၄၇
*မလွမ်းဘယ်သူနေပါ့မယ် (ဂီတသင်္ကေတ)*

၃၅။ မေ ၁၅၁
*မေ (ဂီတသင်္ကေတ)*

၃၆။ မိုး ၁၅၅
*မိုး (ဂီတသင်္ကေတ)*

၃၇။ မိုးသက်လေနှင် ၁၅၉
*မိုးသက်လေနှင် (ဂီတသင်္ကေတ)*

၃၈။ မိန်ရာသီ ၁၆၃
*မိန်ရာသီ (ဂီတသင်္ကေတ)*

၃၉။ မုန်းရစ်လေဦး ၁၆၇
*မုန်းရစ်လေဦး (ဂီတသင်္ကေတ)*

၄၀။ မြပန်းခွေ ၁၇၁
*မြပန်းခွေ (ဂီတသင်္ကေတ)*

၄၁။ မြတ်ရွှေတိဂုံ ၁၇၅
*မြတ်ရွှေတိဂုံ (ဂီတသင်္ကေတ)*

၄၂။ ရွှေမန်းဆီသို့ ၁၇၉
*ရွှေမန်းဆီသို့ (ဂီတသင်္ကေတ)*

၄၃။ လုလင်ငယ်သွေး ၁၈၃
*လုလင်ငယ်သွေး (ဂီတသင်္ကေတ)*

၄၄။ လက်ပံပွင့်ကောက်အရောက်လာမယ် ၁၈၇
*လက်ပံပွင့်ကောက်အရောက်လာမယ် (ဂီတသင်္ကေတ)*

၄၅။ သူဇာ ၁၉၁
*သူဇာ (ဂီတသင်္ကေတ)*

၄၆။ သက်ဆိုင်သူမှ သက်ဆိုင်သူသို့ ၁၉၅
*သက်ဆိုင်သူမှ သက်ဆိုင်သူသို့ (ဂီတသင်္ကေတ)*

၄၇။ သစ်ခြောက်ပင်အောက် ပန်းကောက်သူ ၁၉၉
*သစ်ခြောက်ပင်အောက် ပန်းကောက်သူ (ဂီတသင်္ကေတ)*

၄၈။ အလှဆင်ပါဆောင်း ၂၀၃
*အလှဆင်ပါဆောင်း (ဂီတသင်္ကေတ)*

၄၉။ အိုဘယ့်တံချူရှင် ၂၀၇
*အိုဘယ့်တံချူရှင် (ဂီတသင်္ကေတ)*

၅၀။ အောင် ၂၁၁
*အောင် (ဂီတသင်္ကေတ)*


www.burmeseclassic.com

www.burmeseclassic.com



## ဤစာအုပ်နှင့် ပတ်သက်၍ . . .

''အလင်္ကာဝတ်ရည်'' သည် စာပေနှင့် ဂီတများကို ဖန်တီးစောင့်ရှောက်ပျိုးထောင်သော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသော အနုပညာလုပ်ငန်း ဖြစ်ပါသည်။

သို့အတွက် အလင်္ကာဝတ်ရည် အနုပညာလုပ်ငန်းမှ ထုတ်လုပ်သော ''အလင်္ကာဝတ်ရည်ဂျာနယ်'' တွင် ကျွန်တော်တို့ ပြုစု စောင့်ရှောက်လိုသော ကာလပေါ် မြန်မာမှုတေးသီချင်းများအနက်မှ ကောင်းနိုးရာရာသော တေးသီချင်းများကို သင်္ကေတများ ပြုစု၊ စုဆောင်းပေးရန် စီစဉ်ဖော်ပြခဲ့ပါသည်။

ထိုသို့ ပြုစုရာတွင် မြန်မာ့အသံတွင် မြန်မာတေးသီချင်းများ မှုမှန်ဖြစ်အောင် စောင့်ရှောက်နေကြသော တေးသီချင်းစိစစ်ရေး ဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဆရာ ''ကေတုဝင်းထွဋ်'' ကို အကူအညီတောင်းခဲ့ပါသည်။

ဆရာ ''ကေတု'' အနေနှင့်လည်း မြန်မာ့အသံ ဓာတ်ပြားမော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိသော ''မူရင်း'' ဓာတ်ပြားများအား ကိုးကားလျက် စာသား၊ သံစဉ်၊ ရေးသူ၊ မူရင်းအဆိုရှင် စသည်တို့ကို (အတတ်နိုင်ဆုံး) မှန်ကန်တိကျစေရန် အားထုတ်ထားသည်ဟု သိရပါသည်။

သို့သော် သင်္ကေတသဘောမှာ တေးသီချင်းတီးခတ်သူများအတွက် ထုတ်ရသည့်မူက တစ်မျိုး၊ ဆိုသူများအတွက် ထုတ်ရသည့်မူက တစ်နည်း၊ အခါခပ်သိမ်းမူချင်း ထပ်တူမကျဟု သိရပါသည်။ ထို့အတူ ''မူရင်း'' ဆိုရာမှာပင် မြန်မာ့အသံတွင် လွှင့်ထုတ်ရန် ကူးယူထားသည့် ဓာတ်ပြားများနှင့် ရောင်းတမ်းအတွက် စီစဉ်ထုတ်လုပ်ထားသည့် ဓာတ်ပြားများတွင် ဆိုသူ၊ တီးကွက်၊ စာသားစသဖြင့် ခြားနားမှုရှိသည်ဟုလည်း ဆိုပါသည်။

ခြုံငုံ၍ပြောရလျှင် တေးသီချင်းများကို တေးသင်္ကေတဖြင့် ပြုစုရာတွင် တစ်ယောက်နှင့် တစ်ယောက် ထပ်တူကျတူညီနေမှု မဖြစ်နိုင်ဟု အဖြေထွက်လာပါသည်။

ထို့အတူ သင်္ကေတပုံစံတွင်လည်း ကမ္ဘာသုံးသင်္ကေတ၊ တစ်နှစ်သုံးလေး သင်္ကေတစသဖြင့် မတူညီသော ရေးနည်းပုံစံများလည်း ရှိနေပါသည်။

ဂျာနယ်တွင် ထည့်သွင်းဖော်ပြရန် စီစဉ်သောအခါ အဆိုပါအချက်အလက်များကို ထည့်သွင်း ချင့်ချိန်စဉ်းစားပြီး စာဖတ်ပရိသတ်များထဲမှ မြန်မာမှု တေးသီချင်းဝါသနာရှင်များအတွက် အသင့်တော်ဆုံး ပုံစံတစ်ခု ရွေးချယ်ပြီး ပြုစုပေးပါရန် ဆရာကေတုဝင်းထွဋ်ကို မေတ္တာရပ်ခံရပါသည်။

ယခု စုဆောင်းပုံနှိပ်ထားသည့် ဂျာနယ်တွင် ဖော်ပြပြီးသောသီချင်းသင်္ကေတများမှာ ဆရာကေတုဝင်းထွဋ်၏ အကောင်းဆုံးနှင့် အဆင်ပြေဆုံးဖြစ်အောင် ရွေးချယ်စဉ်းစား၍ ပြုစုထားသော တေးသင်္ကေတများ ဖြစ်ပါသည်။

ယခုကာလသည် ခေတ်ပေါ်တေးသီချင်းများ အရှိန်အဟုန် ကြီးမားအောင်မြင်နေသောကာလ ဖြစ်ပါသည်။ ခေတ်ပေါ် တေးဂီတ လှိုင်းထမ်းပိုးများ က အရှိန်အဟုန် ပြင်းစွာ လွှမ်းမိုးသွားသော အခါ ရိုးရာအခြေခံသည့် မြန်မာသံတေးများသည် ခေတ်နောက်ကျကျန်ခဲ့သလိုဖြစ်ကာ၊ မြတ်နိုးသူများက နှစ်ခြိုက်ခုံမင်ပြုစုစောင့်ရှောက်ထား၍သာ မပျောက်ကွယ်၊ မတိမ်ကောဘဲ အထိုက်အလျောက်ရှင်သန်ဆဲ ရှိနေခြင်း ဖြစ်ပါသည်။

ထိုမြတ်နိုးသူများထဲတွင် ကျွန်တော်တို့ အလင်္ကာဝတ်ရည်အနုပညာမိသားစုများလည်း အပါအဝင် ဖြစ်ပါသည်။

သို့အတွက် မြန်မာသံတေးသီချင်းများ မပျောက်ကွယ်၊ မတိမ်ကောဘဲ ရှင်သန်ဖွံ့ဖြိုးစေသော လုပ်ငန်းများတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်လိုသော ဆန္ဒများရှိပါသည်။

ယခုခြေလှမ်းသည် ထိုဆန္ဒများ၏ စေ့ဆော်ရာ ခြေလှမ်းတစ်ခု ဖြစ်ပါသည်။

ဤခြေလှမ်းကြောင့် ကျွန်တော်တို့မြတ်နိုးသော တေးသီချင်းများ မတိမ်ကော မပျောက်သွားဘဲ ရှင်သန်ဖွံ့ဖြိုးမြဲဖွံ့ဖြိုး၍ ကျွန်တော်တို့ ကဲ့သို့ပင် မြန်မာသံ၊ မြန်မာမှုကို ချစ်မြတ်နိုးသောသူများ၏ တောင့်တမှု၊ ဆန္ဒတစ်စုံတစ်ရာကို ဖြည့်စွမ်းနိုင်ခဲ့ပါလျှင် ကျွန်တော်တို့ လုပ်ငန်း ဆောင်ရွက်ကြိုးစားရကျိုးနပ်သည်ဟု ကျေနပ်ရမည် ဖြစ်ပါသည်။

ဤဆန္ဒ ဤရည်ရွယ်ချက်တို့ဖြင့် ဤစာအုပ်ကို ထုတ်ဝေရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဤစာအုပ်နှင့် ပတ်သက်၍ ဂီတစာဆိုရှင်ကြီးများနှင့် တေးသံရှင်များ၏ ဓာတ်ပုံ၊ အထောက်အထားများကို ကူညီပံ့ပိုးပေးသည့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ရုံးအဖွဲ့မှူး ဦးမျိုးတင့်(တေးသံရှင် မျိုးနွယ်ဆွေ)နှင့် ဂီတစာဆို အလွမ်းသီချင်းရေးတဲ့ မောင်ကျော်ဇောတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ် ပါသည်။

စာတည်းအဖွဲ့
အလင်္ကာဝတ်ရည်စာပေ

www.burmeseclassic.com

www.burmeseclassic.com




# ဇေကတုဝင်းထွဋ်
# ၏
# ကိုယ်ရေးအကျဉ်း

BURMESE CLASSIC .com

၁၃၁၀၊ ဒုတိယဝါဆိုလပြည့်ကျော် (၅) ရက် တွင် အဖ ဦးမောင်ကို အမိ ဒေါ်မြကြည်တို့မှ တောင်ငူမြို့၌ မွေးဖွားသည်။ သားသမီး ၆ ဦးအနက် ဒုတိယသားဖြစ်သည်။ အမည်ရင်း ဦးတင်ဝင်းဖြစ်သည်။ ၁၉၇၁ တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (ရုံးချုပ်) တွင် စာရင်းကိုင် (၃) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဂီတပညာရပ်များနှင့် ပတ်သက်၍ မဟာဂီတ (သီချင်းကြီး) များကို စောင်းဆရာကြီး ဦးခင်မြင့်ထံတွင် သင်ကြားတတ်မြောက်ခဲ့ပြီး၊ ဂီတသင်္ကေတ ပညာရပ်များကို ဦးကျော့မှူးထံ၌ သင်ကြားတတ်မြောက်ခဲ့ပါသည်။

မြန်မာ့အသံတွင် မဟာဂီတ, ကာလပေါ်တေးသီချင်းများကို စီးရီးအဖြစ် ထုတ်လုပ်လျက် ရှိပါသည်။ ၁၉၉၀ ခုနှစ်တွင် နိုင်ငံတော်မှ လေ့လာရေးခရီးစဉ် အဖြစ် မလေးရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံများသို့ စေလွှတ်ခြင်း ခံခဲ့ရပါသည်။ ယခုအခါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနတွင် တေးဂီတစိစစ်ရေး ဘုတ်အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်တွင် အချိန်ပိုင်း ကထိကအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံဂီတ အစည်းအရုံးတွင် ဗဟိုအလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်လျက်ရှိပြီး တေးဂီတလုပ်ငန်းများဖြင့် နိုင်ငံတော်အကျိုးပြုလုပ်ငန်းများကို ပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ဇနီး ဒေါ်ခင်မာကြူ၊ သား မောင်မင်းဟန်ဝင်း (DJ ဥက္ကာ)၊ မောင်ဝဏ္ဏထွဋ်၊ သမီး နီလာဝင်းထွဋ်တို့နှင့်အတူ အမှတ် ၅/၇၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


# ကသစ်ပန်း

တေးရေး–အလင်္ကာကျော်စွာ မြို့မငြိမ်း
တေးဆို–လေဘာတီ မမြရင်၊
(ယခု) ကိုအံ့ကြီး



အလင်္ကာကျော်စွာ မြို့မငြိမ်း



လေဘာတီ မမြရင်



ကိုအံ့ကြီး

www.burmeseclassic.com

www.burmeseclassic.com



# ကသစ်ပန်း

တေးရေး–အလင်္ကာကျော်စွာ မြို့မငြိမ်း
တေးဆို–လေဘာတီ မမြရင်၊
(ယခု) ကိုအံ့ကြီး

■ နတ်စည်ငယ်လေ . . ပုစွန်လက်ရုံး . . အာလမ္ဗရာကျော်ဝှန်း . . သံဝါဆော်ရွှမ်း . . ညံ့စာစာ . . တိမ်ယံအာကာ . . နီလာပြင်ဆိုင်းသင်တိုင်းခြုံလွှာ . . အုံ့မှိုင်းညို့ပြာ . . မိုးထက်ကဲဝဠာ ကိုးချက်နယ်မှာ . . တိမ်ခိုးယုက် . . မိုးသက်ကလေးတွေဖြာ . . ဝေဆာ . . သခွတ်ဖြူပင်မင်း ငွေအဆင်း . . . . . ပွင့်ချိန်ခါ . . အသူရာ . . ဒေါသထွက်လို့ . . မြင်းမိုရ်ထက်သို့ . . တက်လို့စစ်ဖက်တဲ့ခါ . . အံ့ကာလေ တဖွဲဖွဲ . . ရွာလေတသဲသဲ . .

■ (လွဲခဲ့ကြရှာ . . နတ်တို့နန်းရပ်ဝတီသာ . . အသူရိန်တွေဟာ . . ဘုံသာ . . ဝေယံနန်းမြင့် . . ကသစ်ပန်းပွင့်ရတုမှာ . . သဘင်ပွဲပြုကာ)၂ အို . . သခွတ်ဖြူစွာ . . အပွင့်ကိုသာမြင် တော့မှ ဝတီတွင် . . မဟုတ်ပါလား . .ဟာရို့ရဲ့ . . သေနင်္ဗျူဟာ . . နတ်သူရာ . . မင်းငယ်လေ . . စစ်ခင်းပြုမယ်လာ . . ရှေးရှုဝတီသာ . .

■ အာလိန်ငါးဆင့်နဂါးနဲ့ ဂဠုန်ပျံ . . ကုမ္ဘဏ် ရက္ခိုသ် . . စတု မဟာရာဇာ . . မခံနိုင်ကြလို့ . . သိကြားထွက်တဲ့ခါ . . တွက်ရေသိန်းခြောက်သောင်း ရှစ်ထောင့် ယူဇနာ . . ဝရဇိန်လွှတ်တာ မြင်းမိုရ်ကိုပင် . . သူခွင်းချင် . . ထွင်းဖောက်နိုင်တာ . . နတ်မြင်းတစ်ထောင်ကတဲ့ ရထားဝေဇယန္တာ

ရန်ဘန် . . မာတင်နာဂ . . ဆင်တော်သုမိတ္တာရဲ့ တံခွန်လွှား . . သုံးကျိပ်သုံးပါး သိကြားငယ်ပါ နေလ နတ်သား . . လေးပါးစစ်အင်္ဂါ . . ပင်လုံးကျွတ် . . သခွတ်ပွင့်ချိန်ခါ . .

■ (နှစ်တိုင်းပဲ . . သခွတ်ပွင့်ချိန်ခါ . . သိကြားနဲ့အသူရာ . . သမက်နဲ့ယောက္ခမ . . ဘောက်ကျလို့လည်း အားမရနိုင်ရှာ)၂ ဒါကိုအားမကျဖို့ မယားအလှ . . တောင်းပန်ရှာ . . ယောက္ခမဆိုတာ . . တည့်အောင်ပေါင်း ကျောင်းကိုထုတ် . . ဥပုသ်ရက်ရှည် . . စောင့်ခိုင်းမှာ . . .

■ ဝေဆာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . တသဲသဲ


www.burmeseclassic.com

www.burmeseclassic.com



# ကသစ်ပန်း

တေးရေး-အလင်္ကာကျော်စွာ မြို့မငြိမ်း
တေးဆို-လေဘာတီမမြရင်
ကိုအုံကြီး(ယခု)



www.burmeseclassic.com

# ကျေးစေတမန်

တေးရေး–အလင်္ကာကျော်စွာ ရွှေပြည်အေး
တေးဆို– ဝဏ္ဏကျော်ထင် ဒေါ်မေရှင်



အလင်္ကာကျော်စွာ ရွှေပြည်အေး



ဝဏ္ဏကျော်ထင် ဒေါ်မေရှင်

www.burmeseclassic.com

www.burmeseclassic.com



# ကျေးစေတမန်

တေးရေး-အလင်္ကာကျော်စွာ ရွှေပြည်အေး
တေးဆို- ဝဏ္ဏကျော်ထင် ဒေါ်မေရှင်

■ စစ်သွေးတွေက .. တဝေဝေ .. ချစ်ရေးခက်ခက် .. သူတွေပူဝေ .. နှင်းမှုန်ရွှေ .. လေပြည်သွေးချိန်မို့ . မယ့်တစ်ကိုယ်တည်း .. မျှော်ရင်းမှာလေ .. စစ်ခင်းသူရေ အသည်း ရင်တွင်းထင်မြင်လာမိသလေ

(ဖော်ရွှေ.. ပျော်နေ.. မေချစ်သူ.. တစ်ပါးပေမို့.. ခွင့်လွှတ်ကာထား .. မတားသင့်ပေ ...)၂

■ ချစ်အားတွေ .. အလွန်မြူးသော်လည်း .. ကြည်နူး .. ခွန်းချိုမြူသံ .. ပြောရန်ခက်သေး မေ့ကြင်သူ ကလေးရယ်က .. အဝေးနှင်လို့နေ .. ချစ် ... ရေး .. စစ်သွေးဆူကာဝေ ...

■ မြသွေးဖြာတဲ့ .. ကျေးတမာ .. ပေါက်လဲဝါ .. ခိုင်ရွှေညာက .. မေစက်ရာ .. ရွှေသဏ္ဌာသို့.. တူယှဉ်လာ မေမှာစမ်းမယ်ပ .. လွမ်းသူရဲ့ .. သဝဏ်ကိုယူကာ .. စစ်မြေတလင်းမှာကွယ် .. ချစ်နေရင်း သူလေးသို့သာ ... ပေးပါတော့ .. မြသွေးငှက်ကျေး ... ရွှေတမာ ...


■ ဖော်ရွှေ...................................... စစ်သွေးဆူကာဝေ

www.burmeseclassic.com

www.burmeseclassic.com


# စေတမန်

:-အလင်္ကာကျော်စွာရွှေပြည်အေး
တေးဆို-ဝဏ္ဏကျော်ထင် မေရှင်




www.burmeseclassic.com

www.burmeseclassic.com


# ခရေပင်အောက်က ပိတောက်ချစ်သူ

တေးရေး–ပျဉ်းမနားမြင့်လှိုင်
တေးဆို–ညွှန့်ညွှန့်စိန်



ပျဉ်းမနားမြင့်လှိုင်



ညွှန့်ညွှန့်စိန်

www.burmeseclassic.com

www.burmeseclassic.com



# ခရေပင်အောက်က ပိတောက်ချစ်သူ

တေးရေး-ပျဉ်းမနားမြင့်လှိုင်
တေးဆို-ညွှန့်ညွှန့်စိန်

■ ထာဝစဉ်မြတ်နိုးလာခဲ့ . . ချစ်တဲ့ . . မောင်ရေ ချစ်တဲ့မောင်ရေ . . မေတို့ ငယ်ရွယ်စဉ် . . ပျော်ရွှင်ခဲ့တဲ့ ခရေပင်ကြီးအောက်မလေ . . နှစ်တွေကြာရှည် . . နှစ်ယောက်သား . . ကစားခဲ့ပုံလေးတွေ . . ခုနေ တွေးမိတိုင်း ကြည်နူးမဆုံးနိုင်ပေ . . . သည်ခရေပင်ကြီး . . အသီးမပျက် အပွင့်မပျက် မေလည်းပဲ . .မောင့်ကို .မောင်ကို ချစ်လျက်နေမြဲ . . ချစ်မြဲပါမောင်ရေ . . .

■ (ထိုစဉ်အခါတုန်းကတည်းကလေ . . မောင့်စိတ်ထဲတော့ . . တွေးတောမိသားပဲမောင်ရေ . . ခရေပန်း ပန်မှ . .မေကလှတယ်ထင်နေ . . .)၂ မောင်ကတော့ . . . သည်သို့မဟုတ်ပေ . .အမြင့်ပင်ယံနန်းက . .ပိတောက်ပန်းတွေကိုပဲ တမ်းတနှစ်သက်မက်မောလို့သာနေ . . မေရဲ့ဘဝဟာ . . ခရေပင်ကြီးပမာပဲလေ . . မောင့် . . ခြေရင်း . . မြေတလင်းမှာ . . ကြွေဆင်းပေးပါသော်လည်းလေ . . မပန်ချင် ငယ်ကျွမ်းမောင်ကနင်းကျော်လျှောက်ခဲ . . မထောက်ညှာ . . ပိတောက်ဝါခင်သူရေ . . .


■ အခုတော့ . . မေ့တစ်ယောက်တည်း . . ခရေကောက်မြဲပါလေ . . အပြစ်ပါယ်ခံဘဝများနဲ့ . . မောင့်အတွက်သာပဲ . . လှိုက်လှိုက်လှဲလှဲ . . ဆုတောင်းပေးမယ်လေ . . . မိုးဆောင်းပြောင်း . . ခါနွေရာသီတိုင်းမှာ ပိတောက်ပန်းတွေပွင့်ပါစေလို့ . . ခရေပင်အောက်က . . ပိတောက် ချစ်သူရေ . . . ခရေပင်အောက်က . . ပိတောက်ချစ်သူ . . ရေ . . .

www.burmeseclassic.com

www.burmeseclassic.com


# ခရေပင်အောက်ကပိတောက်ချစ်သူ

တေးရေး-ပျဉ်းမနားမြင့်လှိုင်
တေးဆို-ညွှန့်ညွှန့်စိန်




www.burmeseclassic.com

www.burmeseclassic.com

# ချောကလျာ

တေးရေး-ပြည်သိမ်းဆွေ
တေးဆို-စန္ဒရားချစ်ဆွေ



ပြည်သိမ်းဆွေ



စန္ဒရားချစ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com


# ချောကလျာ

တေးရေး–ပြည့်သိမ်းဆွေ
တေးဆို–စန္ဒရားချစ်ဆွေ

■ ချော . . ကလျာ . . ရွှေစင်သွေးဖြာ . . . ညြော် . လေး လေး ခင့်ပဏ္ဏာ . . လှပုံတစ်မူခြား . . နုအသားဝင်းဝါ ယဉ်မှုသွယ်ဖြာ . . ပြုံးတုံ့လဲ့လဲ့ . . ဖွဲ့ကာနွဲ့ကာနွဲ့ပြန်ရင်လည်း . . သူ့ဟန်တကယ့်ချစ်စရာ . .

■ ကေသာ . . ပိတုံးနှောင်ကြော့မှာ . . အို . . ရင်သပ်ရှုမော . . ပြေလျော့တင့်စွာ လှသွေး လွန့်လွန့်သီကာ ပြုံးယောင်ယောင့်ပဏ္ဏာ . . .

■ ဘဝဇမ္ဗူမှာ . . သွင်မူပြောင်းနွဲ့လို့ . . အလှကသောင်းယှက်ဖြာ . . ရှင်းသန့်စွာ . . ယဉ်ကျေးတဲ့ရူပကာ မင်ဆေးမကူသာ . . အပျိုပေါ်ဝင်သွေး . . ထွေး . . ပုရစ်ဖြာ . . နှုန်းတလီ . . မှုန်းသီပြုံးရီ(ရယ်)တဲ့အခါ ဘဝဇမ္ဗူမှာ . . နုမသူဇာ . . အလှပျူငှာ . . ဝဏ္ဏရူပကာ . . ချောမွေ့မွေ့ ရွှေစင်ပမာ . . မြေကမ္ဘာတစ်ကြောမှာ မေသာ ချောကလျာ . . .

■ ကြည်သာရွှင်ပြုံး . . ကြော့ဆုံး သက်လျာ . . ငါးဖြာဂုဏ်အင် . . ဇမ္ဗူတွင်းပြိုင်ဘက်ရှား . . ရွှေစင် ရွှေစင်ပုံသို့မခြား . . . သွားပုံလာပုံ . . နေပုံထိုင်ပုံ . . တစ်မူခြား ချစ်စရာ . . မျက်နှာတော်လေး . . ဝင်း ဝါ . . ခင်လေးယဉ်ကျေး . . . သွင်ကလေးထည်ဝါ . . မဆူမကြဲ . . မနိမ့်မမြင့် . . ချစ်စရာ . . ပြစ်မျိုးလွတ်ကင်း . ရွှေယမင်းရုပ်လွှာယဉ်ရာ . . နှုန်းဆောင်လျက်မကွာ . . အစဉ်သာ . . ပြုံးယောင်ယှက်ဖြာ . . သက်လျာအပြုံး . . နှောင်လှခေါင်မျိုး . . . . ကိုယ့်ရင်မှာစီး . . စီးမြဲနေတာ . . ချောကလျာ . . .


www.burmeseclassic.com

www.burmeseclassic.com


# ချောကလျာ

တေးရေး-ပြည်သိမ်းဆွေ

တေးဆို-စန္ဒရားချစ်ဆွေ




www.burmeseclassic.com

www.burmeseclassic.com


# ချစ်ပြုံးနှင်းဆီ

တေးရေး–ဂီတနက်သန်ကိုစောညိန်း
တေးဆို–ရေနံ့သာစိုးလှိုင်



ဂီတနက်သန်ကိုစောညိန်း

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ပြုံးနှင်းဆီ

တေးရေး-ဂီတနက်သန်ကိုစောညိန်း
တေးဆို-ရေနံ့သာစိုးလှိုင်

■ ဖြူပြာလဲ့ . .မှုယာသွယ်နွဲ့ချစ်တဲ့ . . သူခင်ရယ် . .မာန်ငြိုမျက်နှာထားတွေထယ် . .အငြိုးကြီးနဲ့ စိမ်းရက်လေ သလားကွယ် . . ရွှေနှင်းဆီငုံလေးနှယ် . . နှုတ်ခမ်းတော်စူလွန်းတယ် . . . (နေ့စဉ်စောင့်ပါလို့ရယ် နေပေမဲ့ . . တကယ် . . ပွင့်နိုင်ခဲပါဘိတယ် . . သန္တာလဲ့ရယ် . . ဘယ်ခါ ချစ်ပြုံးမာလာကိုကွယ် . . ခူးဆွတ်လို့ဘုန်းမောင်နန်းသာမယ် . . .)၂

■ ချစ်ပြုံးနှင်းဆီတစ်ပွင့်ကို . . မျှော်ကာတလင့်လင့် ကြိုတင်မှန်းဆရှယ် . . ဘယ်ရာသီဝယ်.. မာလာရယ်.ပွင့်မှာလဲကွယ်.. တစ်ငုံတည်းမငုံဘဲ . .နည်းနည်းလည်း လျှော့စေချင်ပါတယ် . . သဘာဝတရား မတားသာဘဲမို့တကယ် . . ပြုံးလိုက်ပါတော့လားကွယ် . . သနားမမျှတဲ့ . . အလှနှင်းဆီ . . ရယ် . . .

■ နေ့စဉ်...................................... ဘုန်းမောင်နန်းသာမယ်


www.burmeseclassic.com

www.burmeseclassic.com

# ချစ်ပြုံးနှင်းဆီ

တေးရေး-ဂီတနက်သန်ကိုစောညိန်း

တေးဆို-ရေနံ့သာစိုးလှိုင်




www.burmeseclassic.com

www.burmeseclassic.com

# ချစ်ရေစင်

တေးရေး-သဟာယဆရာတင်
တေးဆို- ဝဏ္ဏကျော်ထင် ဒေါ်မေရှင်



သဟာယဆရာတင်



ဝဏ္ဏကျော်ထင် ဒေါ်မေရှင်

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ရေစင်

တေးရေး-သဟာယဆရာတင်
တေးဆို- ဝဏ္ဏကျော်ထင် ဒေါ်မေရှင်

■ (ကြူကြူသင်းတယ်.. ရွှေနှင်းဆီရယ်ဆင်းရနံ့က မွှေးတယ်.. မခူးရက်စရာကွယ် .. အထူးပဲလှတယ် သူ့ကိုသူပင် .. ဆူးတွေကိုဆင် .. နတ်ဥယျာဉ်ဝယ် .. ရောင်စုံဖူးပွင့်တယ် ...)၂ အဆောင်တော်ကူးကာ.. ဆွတ်ခူးတော့မယ့်သခင်ရယ် .. တစ်ပွင့်တည်းပန်းကို..နမ်းနိုင်ပေရဲ့ ရွှေရည်လွှမ်းတဲ့ မြပန်းခက်ကို.. သူ့လက်လှမ်းကာ .. ချစ်ရေစင်ဖျန်းတယ် ...

■ (နုပျိုစိုလန်းလို့ရယ်.. ဖူးပွင့်စပန်းရယ်.. နေရောင်ခြည်မထိုးခင်.. မညှိုးလို့စင်ကြယ် .. မညှိုးလို့စင်ကြယ် ... ခင်တွယ်စရာအလွန်တင့်တယ် ... )၂ ပျားကောင်ပိတုန်းရယ် .. မသုံးဆောင်ခင်များမယ် .ဆင်းရနံ့ကလေးရယ် .. ဝတ်မှုံဝတ်ရည် ထုံသင်းတယ် ... ခုတော့ဖြင့်မစိုပြည် . နဂိုရည်ပျက်ယွင်းတယ်.. ပန်ဆင်တဲ့သူရယ် .. အစာဝတော့ ဌာနပြန်ချင်တယ် ...

■ (မွှေးတုန်းတော့ကွယ်.. ပန်ဆင်ပြန်တယ်.. နံရင်ပစ်ပယ်.. ချစ်လက်စမဆုံးခင် .. ရှောင်ကြဉ် မုန်းရက်တယ် ...)၂ အသည်းနှလုံး ပြုန်းရချည်ရဲ့.. ဘဝင်ထဲ.. မရွှင်ဘဲ .. အစဉ်အမြဲမျှော်တယ် .. ဖော်မစုံဘဲ .နော်ကွယ် ... ဖူးပွင့်တဲ့ .. ခိုင်ပန်းနွယ်မယ် မြေကိုမှီတွယ် .. ဒါကိုကျီစယ် .. ဖူးစာရှင်ရယ် ချစ်မေတ္တာမခိုင်မြဲလို့ကွယ် .နွဲ့နွဲ့နှောင်း.. အကြောင်းကံရယ် အလွန်နည်းတယ်..

■ နုပျို ........................................ ဌာနပြန်ချင်တယ်


www.burmeseclassic.com

www.burmeseclassic.com


# ချစ်ရေစင်

တေးရေး-သဟာယဆရာတင်

တေးဆို-မေရှင်




www.burmeseclassic.com

www.burmeseclassic.com



# ခွင့်မပန်ဘဲ သွားပါနဲ့ကွယ်

တေးရေး-ကိုလေးလွင်
တေးဆို-တင်ဦးလေး



ကိုလေးလွင်



တင်ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



# ခွင့်မပန်ဘဲ သွားပါနဲ့ကွယ်

တေးရေး–ကိုလေးလွင်
တေးဆို–တင်ဦးလေး

■ ခွင့်မပန်ဘဲ .. သူပစ်ခွာထွက်သွားရက်လေသည် .. မချိတင်ကဲ .. ဝမ်းနည်းမှုသာ .. ကိုယ့်ရင်မှာ စိုးမိုးလို့ပဲ .. ကျန်ရစ်ခဲ့လေပြီ ...

■ တောတောင်အနှံ့ .. ခြေဆန့်ရှာဖွေသော်လည်း .. ပုန်းသူဆိုတာ .. တွေ့နိုင်ခဲသည် .. မြက်ဖျားနှင်းသီး ... ဩော် .. ဆောင်းခရီးမှာလည်း .. သူ့ကိုဘဲ .. မေ့မရပြီ . .. ရွက်ကြင်ကြွေကျ .. နွေလရာသီ .ရောက်ပြန်ရင်လည်း .. နေရာဟောင်းမှာ ရှိမယ်လို့ကွယ် .. မထင်ပေမဲ့ .. သွားကြည့်မိပါသည် .. လာမယ် မမှန်းပေမဲ့ .မျှော်မိပြန်သည် .. မျှော်မိပြန်သည် .. နေရာဟောင်းနဲ့ .. ချစ်သူခြေရာ .. ကိုယ့်လိပ်ပြာ .. စောင့်ကြပ်နေကြသည့် .မစဉ်းစား .. ယွင်းမှားသည့်အကျိုး .. ဆင်ကန်းတောတိုး .. ချစ်မိသည်သာ .. ချစ်မိသည်သာ .. ချစ်မိသည်သာ .. ကျွန်တော့်အလွန်ရှိချေပြီ .


■ သူ့ကိုရှာမည် .. အခိုင်အမာ .. သန္နိဋ္ဌာန်တွေချခဲ့ပြီးပြီမို့လည်း .. မတွေ့တွေ့အောင်ကိုယ်ရှာမည် .တစ်နေ့တွေ့အောင်ကိုယ်ရှာမည် .. ငှက်အသွင် တောင်ပံဖြန့်ကာ .. ပျံဝဲလို့သာ ရှာဖွေဦးမည် .. သည်မြေမဟီ ကမ္ဘာဆုံးတိုင် .. အခေါက်အခါခါ ကိုယ်ရှာမည် .. တွေ့ရင်တော့ ပြောပြချင်သည် .. နောက်နောင်ချစ်သည်း ခွင့်မပန်ဘဲသွားပါနဲ့ကွယ်လို့ .. (ရက်ရှည်မခွဲနိုင်သူက .. တောင်းပန်ပါမည် အသက်ရေ အမြဲအနိုင်ယူသမျှ နှောင်းကံကြမ္မာမည်သီ .. ရတက်ပွေအသည်းဆိုင်ဆူကြွ .. အဟောင်းသံသရာလည် ...)၂ သည်တွင်ပဲ ..... တစ်ခန်းရပ်စေချင်ပါပြီ ...

www.burmeseclassic.com

www.burmeseclassic.com

# ခွင့်မပန်ဘဲ သွားပါနဲ့ကွယ်

တေးရေး-ကိုလေးလွင်
တေးဆို-တင်ဦးလေး




www.burmeseclassic.com

www.burmeseclassic.com

# ဂီတဗိမာန်

တေးရေး–တက္ကသိုလ်စိုး
တေးဆို–ကိုမြကြီး



တက္ကသိုလ်စိုး



ကိုမြကြီး

www.burmeseclassic.com

# ဂီတ ဗိမာန်

တေးရေး-တက္ကသိုလ်စိုး
တေးဆို-ကိုမြကြီး

■ (ရှေးကတေးသံ ..မင်္ဂလာရှိလို့နေပြန် .. မြန်မာတွေမှာ .. လွတ်လပ်ရေးရပြန် .. ဆင်းရဲခြင်း ကင်းအောင်လည်း ကြံ .. မြည်ချိုသံသာ .. ဗိမာန် .. ဗိမာန် .. ဂီတသံ ...)၂ ပြည့်ထောင်အသွင်သဏ္ဍာန် ရည်မျှော်တွေးရန် .. အမျိုးသားအသံ .. အမျိုးသားအသံ ..စီးပွားပညာ .. အရေးတွေဖွံ့ဖြိုးရန် အလှူမဏ္ဍပ်အသံ .. ပြောသံ .. ပြောသံ .. မင်္ဂလာစည်နဲ့ ..ရှေးပုံကြီးသံ ...အလွန်ကိုကျက်သရေတိုးလို့ .. ဝေဆာပြန် ...

■ (ကျွန်လိုခေတ်မှာ အလင်းရောင်ပေးတာ .. တို့အသံ .. သခင်လိုဖြစ်အောင် .. လမ်းညွှန်ပေးတာ တို့အသံ ... )၂ နားဝင်ချိုမြည်ပြန် .. ထံတျာစုံအေး .. တေးဂီတအသံမှန် ...

■ (ညှင်းသွဲ့သွဲ့ .. တေးချိုချိုအသံ .. မတင်းမလျော့တဲ့ ..စောင်းတော်မှုမှန် .. သတင်းမသေးတဲ့ အေးချိုချို ဂီတအသံ ... )၂ လူငယ်လူကြီးတို့ .. ဂီတဗိမာန် တေးသီချင်းသံ .. လူငယ်လူကြီးတို့ .. ဂီတဗိမာန် တေးသီချင်းသံ အနုစိတ်ပညာ .. သံသာ မင်္ဂလာ ဝေဖြာ ဂီတဗိမာန် .. အသံ ...

■ ကျွန်လို .................................... တေးဂီတအသံမှန်


www.burmeseclassic.com

www.burmeseclassic.com



# ဂီတ ဗိမာန်

တေးရေး-တက္ကသိုလ်စိုး
တေးဆို-ကိုမြကြီး



www.burmeseclassic.com

www.burmeseclassic.com


# စမ်းရေအိုင်

တေးရေး–သောတမောင်
တေးဆို–ဝဏ္ဏကျော်ထင် ဒေါ်မေသစ်(ရုပ်ရှင်)



ဝဏ္ဏကျော်ထင်
ဒေါ်မေသစ်(ရုပ်ရှင်)

www.burmeseclassic.com

www.burmeseclassic.com



# စမ်းရေအိုင်

တေးရေး–သောတမောင်
တေးဆို–ဝဏ္ဏကျော်ထင် ဒေါ်မေသစ်(ရုပ်ရှင်)

■ (ဇင်မင်းခိုင် သင်းပါတဲ့ . . တောဟေမြိုင် . . ဂနိုင်အတွင်းမှာ . . ရှိပါတဲ့ စမ်းရေအိုင် . . . ကြာငါးခိုင် ပွင့်တွေလည်း . . တင့်ဝေမြိုင် . . တကယ်ပင်မြသားရည် . . လွှမ်းကြည်တဲ့ စမ်းရေအိုင် . . . )၂ (မှုန်ရွှေဝတ်ကယ် . . သင်းပျံ့ကြိုင်ကာလှိုင် . . ပျားပိတုံးတို့ . . စားသုံးယူကာချိုင် . . . )၂ ရွှေဟသာ . . အောင်ကျော်ခေါ်သံအထူးမြိုင် . . ငွေဟသာ . . အောင်ကျော်ခေါ်သံအထူးမြိုင် . . . ဇောပီတိ ထက်ဝေလှိုင် . . တောသီရိကျက်သရေ . . အိုင် . .

■ စမ်းရေအိုင် . . . ရေအိုင် . . ရေအိုင် . . ပျိုပျိုမေ အသည်း . . ပုလဲခိုင် . . ကိုကိုရေ . . သွားရောက်လို့ ထိုင် အပန်း လည်း ပြေနိုင် . . စမ်းရေအိုင် . . . ရေအိုင် . . ရေအိုင် . . ကြာဖြူနီ . . စိုးမိုးလို့ပိုင် နှစ်ဖြာရည်တူ ချိုးသုံးလို့လှိုင် အပန်းလည်း ပြေနိုင် . . စမ်းရေအိုင် . . .

■ တူပြိုင်ပြိုင် . . သွားစို့ . . ရေစမ်းအိုင် . . ဘာသာဘာဝ . . တေးဆိုကြမြိုင် . . မယ်ညိုငှက်တော် ဖော်ကျူးလို့ . . ပျော်မြူးတဲ့အိုင် . . လေပြည်(ပြေ)လာ ကြူကာလှိုင် . . အင်ကြင်းပန်းရနံ့ . . မွှေးတကြိုင်ကြိုင် . . ဆင်မင်းတို့ . . တစ်ရံခါ စံရာများ . . ကြာစွယ်စားပါတဲ့ . . အိုင် . . .

■ စမ်းရေအိုင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . စမ်းရေအိုင်


၀

www.burmeseclassic.com

www.burmeseclassic.com

# စမ်းရေအိုင်

တေးရေး–သောတမောင်
တေးဆို–မေသစ်(ရုပ်ရှင်)





www.burmeseclassic.com

www.burmeseclassic.com

# စိမ်းလဲ့ညို

တေးရေး–ချိုတေးဆက်ကိုအောင်ကိုး
တေးဆို–မောင်မောင်ကြီး


ချိုတေးဆက်ကိုအောင်ကိုး


မောင်မောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com


# စိမ်းလဲ့ညို

တေးရေး–ချိုတေးဆက်ကိုအောင်ကိုး
တေးဆို–မောင်မောင်ကြီး

■ လမင်း . . အလင်းရောင်အောက်က . . မြစ်နဒီမှာဆို . . မြရည်လိမ်းကာ . . စိမ်းလဲ့လဲ့ . . ဟိုတောင်ဆီကညို . ဖိုးရွှေလမင်း အလင်းရောင်အောက်က . . မြစ်နဒီမှာဆို . . မြရည်လိမ်းကာ . . စိမ်းလဲ့လဲ့ . . ဟိုတောင်ဆီကညို . . . (သောင်ယံကမ်းဗဟိုအလွမ်းပို . . ကျေးငှက်တွေက . . တီတျာသံချို . . . )၂

■ တူနှစ်ကိုယ် . . အမူပို . . ကမ်းရိပ်ကို လှမ်းလာမြန်းခဲ့သလို . . မမုန်းတမ်းသဒ္ဒါတွေပိုမို မေ့နိုင်ပါဘူး . . အတွေ့ထူးခဲ့တယ်ပျို . . ဟိုစဥ်တုန်းကဆို . . သည်လိုဆောင်းညအခါကို . . မေပျို . . မေပျို . မောင့်အသည်းစွဲအောင် . ချွဲတဲ့မေပျို . . .

■ မြောက်လေသွေးရင် . . သြော်ဝေးမှာစိုးတယ်လို့ . . ကျွန်တော်ရင်ခွင်ထဲက သူဆို . . ပြုံးချိုချိုအမူအယာလေးနဲ့ . . ခနဲ့ပုံ . . နွဲ့ပုံ . . မောင့်စိတ်အာရုံထဲက . . မထွက်ဘူး . . ပျို . . . (ခုများတော့ . မသနားတဲ့အသွင်လို . . တစ်ပြည် တစ်ရွာစီလည်းခြားခဲ့လို့ . . ဆွေသာကီမှာ . . အားနွဲ့ပေါ့ . . ပျို)၂ မခွဲဘူးလို့ . . မြတ်ဘုရားရှေ့မှာ . ဆုတွေပန်ဆို . . (နှစ်ကိုယ်တူယှဥ်တွဲ နွဲ့ခဲ့တဲ့ . . သည်ကမ်းရိပ်ကို . . တစ်ကိုယ်သာပဲ မြန်းရပေါ့ . . ပျို . . . . ရပ်ဝေးက . . ချစ်တေးနဲ့သာ . . စိမ်းလဲ့ညိုကို . . မျှော်မှန်းတမ်းတဆို . ကမ်းဗဟို . . အလွမ်းပို)၂ . . မိုစိမ်းလဲ့လဲ့ တော . . တောတောင်ဆီက . . ညို . . .


www.burmeseclassic.com

www.burmeseclassic.com



# စိမ်းလဲ့ညို

တေးရေး–ချိုတေးဆက်အောင်ကိုး
တေးဆို–မောင်မောင်ကြီး




www.burmeseclassic.com

www.burmeseclassic.com




# ဆုံးကမ္ဘာမြေသို့တိုင်

တေးရေး–ရောင်နီ(စာသား)

ချိုတေးဆက် ကိုအောင်ကိုး(အသံ)

တေးဆို–ချိုပြုံး



ရောင်နီ



ချိုတေးဆက်ကိုအောင်ကိုး



ချိုပြုံး

www.burmeseclassic.com

www.burmeseclassic.com



# ဆုံးကမ္ဘာမြေသို့တိုင်

တေးရေး–ရောင်နီ(စာသား)
ချိုတေးဆက် ကိုအောင်ကိုး(အသံ)
တေးဆို–ချိုပြုံး

■ (လောကရဲ့ကမ္ဘာကုန်ကျယ်သရွေ့.. အမြဲမမေ့ပါနိုင်.. တစ်ယောက်နဲ့တစ်ယောက် .. စေတနာပီတိ . ရွှန်းဝေကာမြိုင် . . အကြည့်ချင်းဆိုင် . . အပြုံးယှဉ်ပြိုင် . . အားပါးတရ .. ပခုံးချင်းဖက်ကာ နှစ်ယောက်သား မခွာပါနိုင် .. ဆုံးကမ္ဘာမြေတိုင် .. လျှောက်လည်ချင်စမ်း .. မေတ္တာပိုင် ... )၂

■ တံတားအောက်မှ . . ဖြတ်သန်းစီးဆင်းလာသော . . ရေအလျဉ်စိုင် . . ဘယ်လောက်များ . . မြောက်မြားပြီလဲ သိပဲသိပါနိုင် . . တံတားအိုအလား . . တို့များတော့ .. မတုန်မလှုပ်မယိုင် .. လူ့သဘော မနော .. အပြုသဘောတွေ .. တွေးဆပိုင်ပိုင်.. သံသရာတစ်ခွင်.. ပျက်ကြွေပြုံးသည့်ထိ.. နှလုံးသွေးနဲ့ အသက်ကိုပင် .. ဖလှယ်ဆက်မယ်အပြိုင် .. အပြုံးတေးဖွဲ့ .. တစ်သက် မငြိုငြင် နှစ်သွယ်လက် ခိုင်ခိုင်ပျက် .. မမုန်းပါနိုင် .. အသည်းထဲ .. စွဲမြဲနေသမျှ ...


■ လောကရဲ့ ................. ..................... မေတ္တာပိုင် ...

www.burmeseclassic.com

www.burmeseclassic.com


# ဆုံးကမ္ဘာမြေသို့တိုင်

တေးရေး–ရောင်နီ(စာသား)
ချီတေးဆက်အောင်ကိုး(အသံ)
တေးဆို–ချိုပြုံး




www.burmeseclassic.com

www.burmeseclassic.com

# ဆောင်း

တေးရေး–စန္ဒရားချစ်ဆွေ
တေးဆို–တင်တင်မြ



စန္ဒရားချစ်ဆွေ



တင်တင်မြ

www.burmeseclassic.com

www.burmeseclassic.com


# ဆောင်း

တေးရေး–စန္ဒရားချစ်ဆွေ
တေးဆို–တင်တင်မြ

■ သဇင်ပန်းတွေ . . ဖွေးလျက်သာနေ . . ဘဝင်ချမ်းလေ . . သွေးတဲ့အခါမလေ . . တစ်ကိုယ်ရည်တွေးလို့ .မှန်းကာနေ . . ပျို့မေအေးလို့ ချမ်းပါသလေ . . ထွေးမဲ့သူရှာချင်ပြီလေ . . ဆောင်း ဆောင်း ကတော့ တာဝန်အလွန်ပင်ကျေ . .

■ အာကာပြင်မလေ . . နှင်းပွင့် နှင်းစက် နှင်းမှုန်လေးတွေ . . ဘော်ငွေပန်းများပမာ . . ဖြူဖွေးလှကာနေ .ဆောင်းရဲ့ညချမ်း . . ခန်းထက်သဏ္ဌာဖွေ . . ဝင်္ကပါသော်လည်း . . မေးမိုတ်လို့ မပျော်နိုင်ပါပေ .တွေး အိပ်ဖို့ ပြင်ဆင်နေတုန်းမလေ . . အို . . မိုးအာကာဗွေ . . ဖြိုးဖြိုးဖျောက်ဖျောက် . . တစ်ပေါက်ပေါက် ကျဆင်း .မိုးနှင်းပွင့်လေးတွေ . . အသည်းလှာတွင်း . . ချင်းနင်းဝင်ရောက် . . ထွင်းဖောက်ချည်သို့ပေ . . မေ့စိတ်မှာ ထင်တနိုး . . တိုးတိုးကြမ်းပေ့ါ . . . ချမ်းပေ့ါမောင်ရေ . . ဘဝင်ထဲကဘာလိုလို . . ရင်ထဲကသာ ဖို .ဘာကိုမှန်းဆ . . တမ်းတမှန်းမသိ . . တက်နိုင်ပေမယ့် . . တစ်ကိုယ်ရည် . .

■ သည်ဆောင်းမှာ . . တစ်ကိုယ်ရည်သာပေ . . ပျို့မေစိတ်ရှုးပွေ . . တစ်ကိုယ်ရည်စိတ်ကူးနေ .ကိုယ်လေ မျှော်ရင်း . . ဖော်ကင်းတဲ့ သူ့မလေ . . နှင်းမှုံရေ . . နှင်းမှုံရေ . . အသည်းကတော့ . . ချမ်းမြမြတုန်နေ . . ချမ်းမြမြတုန်နေပါတယ် . . ဆောင်းရေ . . ဆောင်းရေ . . ဆောင်းရေ . . ခြုံလွှာလေး .လွှမ်းသော်မနွေး . .အေးရှာသေး . . ချမ်းရှာသေး . . မရှိသေးတဲ့ . . ဖူးစာရှင်လား . . တွေးမှလေ . . မေ့စိတ်မှာပင်နွေးမယ်လို့ထင်ပေ .

■ ပန်းသဇင် နမ်းချင်လို့ . . လှမ်းငင်ပို့ဆောင်ပါဆွေ . . လန်းရှွင်ဖို့ နောင်တာရှည် . . မောင်လာလျှင်အပြေး . . ခင်လေး . . ခု . . မှန်းမျှော်ကာနေ . . ဩော် . .ခင်လေး . . ခု . .မှန်းမျှော်ကာနေ . . စန်းသော်တာကွယ် . . ယွန်းလုလေး . . ကွယ် . . ယွန်းလုလေး . . .


■ သည်ဆောင်းမှာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . နွေးမယ်လို့ထင်ပေ

www.burmeseclassic.com

www.burmeseclassic.com


# ဆောင်း

တေးရေး–စန္ဒရားချစ်ဆွေ
တေးဆို–တင်တင်မြ




www.burmeseclassic.com


www.burmeseclassic.com


# ဆောင်းကြာခြည်

တေးရေး–အလင်္ကာကျော်စွာ ရွှေပြည်အေး
တေးဆို–ကြည်ကြည်ဝင်း



အလင်္ကာကျော်စွာ ရွှေပြည်အေး



ကြည်ကြည်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



# ဆောင်းကြာခြည်

တေးရေး -အလင်္ကာကျော်စွာ ရွှေပြည်အေး

တေးဆို - ကြည်ကြည်ဝင်း

■ ဩော်.. ဆောင်း.. ဆောင်းကြာခြည်.. ပေါင်း.. ပေါင်း.. ပေါင်းဘို့ချိန်မီ.. .. ဣန္ဒြာဏီ စိန်စီခန်းဝသို့... ကြွချင်သည်.. နှမ ရွှေရင်ဆီ.. မှန်း မှန်း မှန်းဆနေပြီ.. မှုန်ရီရီဆောင်းနှင်းက မကြည်.. ဖိုးလမင်းတောင် ထွင်းဖောက်.. အလင်းရောက်မကြည်.. အိုး.. တစ်ကိုယ်ရည်ကြိုနေကြောင်း.. မညောင်း တောင်းပန်ပေးပါ့ . ညအလှရာသီ.. ဆောင်း ဆောင်း ဆောင်း ဆောင်းကြာခြည်...

■ ဟိုနွေညဆီ.. ပျိုမေ့မရပြီ.. တူနှစ်ကိုယ်ရင်ငွေ့မှီ.. စကားလှလှ.. အနားကမထ.. သူပြောပြတော့သည်. မောင်လေ.. ကမ္ဘာမြေပျက်ပြုန်းပါစီ.. မမှန်းနိုင်ဘူးတဲ့.. သူ့ရဲ့စကားမှာ.. မညီ အိုး တစ်ကိုယ်ရည်ကြိုနေကြောင်း.. မညောင်း တောင်းပန်ပေးပါ့.. ညအလှရာသီ.. ဆောင်း ဆောင်း ဆောင်း ဆောင်းကြာခြည်..


■ မြူကတီလွှမ်းတုံရီချမ်း.. ပန်းရနံ့သင်းကြည်.. နှင်းဆီပွင့်ကလေး အဆင်းနီနှင့်မွှေး.. ယှဉ်ထွေး ထိုးရင်းချီ.. လင်းကြက်ကလေး.. ပြတင်းရဲ့နံဘေး.. သတင်းပေးပါ မေ့ဆီ မှုန်ရီရီ ဆောင်းနှင်းက မကြည် .. ဖိုးလမင်းတောင်.. ထွင်းဖောက် အလင်းရောက် မကြည်.. အိုး.. တစ်ကိုယ်ရည်ကြိုနေကြောင်း .မညောင်း တောင်းပန်ပေးပါ့.. ညအလှရာသီ.. ဆောင်း ဆောင်း ဆောင်း ဆောင်းကြာခြည်...

www.burmeseclassic.com

www.burmeseclassic.com

# ဆောင်းကြာခြည်

တေးရေး–အလင်္ကာကျော်စွာရွှေပြည်အေး
တေးဆို–ကြည်ကြည်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆောင်းနှင်းမြူနဲ့ ကိုယ့်ချစ်သူ

တေးရေး – စန္ဒရားလှထွတ်

တေးဆို – တွံတေးသိန်းတန်



စန္ဒရားလှထွတ်



တွံတေးသိန်းတန်

www.burmeseclassic.com

www.burmeseclassic.com



# ဆောင်းနှင်းမြူနဲ့ ကိုယ့်ချစ်သူ

တေးရေး – စန္ဒရားလုထွတ်
တေးဆို – တွံတေးသိန်းတန်

မိုးနှောင်းနိဂုံးဆုံးတော့ .. ဆောင်းနိဒါန်း .. စပြီ ...

■ (မိုး.. နှောင်း၍.. သည်ဆောင်းမှာပင်.. ပျော်လာခဲ့သည်.. လက်ချင်းအတူတွဲယှဉ် ယှက်လို့.မေတ္တာတေးသီ.. မုန်းကြဘို့မရည်.. အပြုံးလှလှညီ.. နှစ်မွှာအသည်း မခွဲ .. ဒီတစ်သက်ရည် .. အပြုံးချင်းပြိုင် .. မုန်းမယွင်းနိုင် .. ချစ်မေတ္တာလမ်းမှာ .. ပျော်ရွှင်ကြည် ...)၂

■ နှစ်ဦးသား .. ပြေးလွှားဆော့မြူး .. ကြည်နူးမှုအပြုံးတွေ .. ပြိုင်သည် .. နှင်းငွေရည်အကြား .. အေးသလား .. ထွေးထားခဲ့ပြီ .. ဒါတွေ မေ့မရ .. ယနေ့တိုင်သာအတည် .. အတိတ်နယ်ဆီ .. ပျော်ရွှင်စရာ မေတ္တာလမ်း .. မုန်းရပြီ .. တမ်းမျှော်လို့ရည် .. နှင်းပွင့်ကြည် .. အလှကလေးများကို .. နှစ်လိုဖွယ်မက်မောသည် .. သူပြောလာ.. ချစ်စရာစကားတွေ.. နှင်းရည်ကြွေသရွေ့ .. မေ့မထားနိုင်လေပြီ ...

■ မိုးနှောင်း.................................... ပျော်ရွှင်ကြည်


www.burmeseclassic.com

www.burmeseclassic.com



# ဆောင်းနှင်းမြူနဲ့ ကိုယ့်ချစ်သူ

တေးရေး–စန္ဒရားလှထွတ်
တေးဆို–တွံတေးသိန်းတန်




www.burmeseclassic.com

www.burmeseclassic.com

# ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ်

တေးရေး – စန္ဒရားလှထွတ်
တေးဆို – တွံတေးသိန်းတန်



စန္ဒရားလှထွတ်



တွံတေးသိန်းတန်

www.burmeseclassic.com

www.burmeseclassic.com



# ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ်

တေးရေး – စန္ဒရားလှထွက်
တေးဆို – တွံတေးသိန်းတန်

■ ဆောင်းမှာမွေး၍ . . နှင်းမှာသန္ဓေတည် . . ကိုယ်ချစ်သော . . ဆောင်းမင်းသမီးရယ်ကွယ် . . ဆောင်းရယ် နှင်းရယ် ချစ်သူရယ် . . အတူတူပါပဲကွယ် . .

■ ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ် . . အတူတူပါပဲ . . အသည်းမှာအမြဲ . . တင်စားကဗ္ဗည်းချယ် .ဆောင်းဆိုသည်က . . အေးမြခြင်းကို . . သရုပ်ဆောင်တယ် . . ငွေနှင်းမြူက . . သန့်စင်တယ်လို့ . . အစိပ္ပါယ်ကိုယ်ယူမယ် . . ချစ်သူကကွယ် . . ဆောင်းနှယ် . . အေးနှင်းလိုဖြူတယ် . . ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ် . . အတူတူပါပဲကွယ် . . .


■ နှင်းမြူနှယ် . . အဆင်းဖြူတယ် . . ယမင်းနွယ် . . အချစ်ရဲ့အသည်းနှလုံးက . . နှင်းလိုဖြူစင်တယ် .ပုလဲလိုကွယ် . . အမြဲပိုတကယ် . . အသည်းဝယ် . . ယုယချစ်မယ် . . ချစ်သူရယ် . . လှစ်ကျူတယ် စကားရယ် ဆောင်း၌ . . သွေး . . ညှင်းလေပြည်နှယ် . . . ကိုယ့်ရွှေဘဝင် . . အသည်းမှာကွယ် . . အမြဲတကယ် . . အေးမြလှတယ် . . ဆောင်းဆိုသည်က . . အေးမြခြင်းကို . . သရုပ်ဆောင်တယ် . . ငွေနှင်းမြူက . . သန့်စင်တယ်လို့ . . အစိပ္ပါယ်ကိုယ်ယူမယ် . . ချစ်သူကကွယ် . . ဆောင်းနှယ် . . အေးနှင်းလိုဖြူတယ် . . ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ် . . အတူတူပါပဲကွယ် . . .

www.burmeseclassic.com

www.burmeseclassic.com


# ဆောင်းရယ်နှင်းရယ်ကိုယ့်ချစ်သူရယ်

တေးရေး-စန္ဒရားလှထွတ်
တေးဆို-တွံတေးသိန်းတန်




www.burmeseclassic.com

www.burmeseclassic.com


# ဆောင်းအမိ

တေးရေး – ရန်နိုင်ဆွေ
တေးဆို – မေလှမြိုင်



ရန်နိုင်ဆွေ



မေလှမြိုင်

www.burmeseclassic.com

www.burmeseclassic.com



# ဆောင်းအမိ

တေးရေး – ရန်နိုင်ဆွေ
တေးဆို – မေလှမြိုင်

■ (မြောက်လေအပြန် . .ဟေမာန်ဆောင်းရာသီ . . ငွေရည်ငွေနှင်းလေးတွေ . . ဖြန်းပက်နေတော့သည် .တစ်ယောက်မေထံ . . မောင်အမြန်ဆောင်းအမိ . . လာစေချင်လွန်းလို့သာ . .ခွန်းဆင့်ကာတေးစီ)၂ ရွှေ . . ရွှေကျီးလေးအာနီ . . ရွှေ . . ရွှေကျီးလေးအာ . . နီ . . . တစာစာသူလည်း . . တအားအား .နဲ့မည် . . တအား . . အား . . နဲ့မည် . . ဘာလဲလူကို . . ကျီစယ် နေပြီ . .သာလည်း သာနိုင်ပြီ . . သာနိုင်ပေပြီ . . အောင်သွယ်ကောင်းလည်း ပီသာတဲ့အကြောင်းနဲ့အညီ မောင်ရယ် . . ဆောင်းအမိ . .သည်ကနေ့တော့ . . ရောက်မယ်ထင်ပါသည် . . .

■ (အလွန်အေးတဲ့ရာသီ . . အလွန်ချမ်းတဲ့ရာသီ . . အလွန်အေးတဲ့ရာသီ . . မယ်တစ်ရွာ . .မောင်တစ်မြို့တော့ နေလို့လည်း မဖြစ်နိုင်ပါပြီ . .)၂ နှစ်ကိုယ်တွေးရန် အရေးကြုံပြီ . . မောင်ရယ် . . ဆောင်းအမိရောက်အောင် ခင့်ဆီ . . ပြန်ခဲ့စေချင်သည် . . .

■ ဆောင်းအမိ ရောက်အောင်သာ . . ပြန်ခဲ့ ခင့်ဆီ . . ညောင်းနာရီ . . မောင့်ကိုသာ . . ပျိုစောင့်ရသည် . . သတင်းလေးသိဖို့ . . နှင်းအေး ထိတော့ . . အတွင်းရေး မချိတဲ့ . . ဆောင်းရာသီ . . .

သည်း တမြေ့မြေ့ . . အေးလို့ တုန်ပြီ . . သည်း တဆွေ့ဆွေ့ . . ဆွေးဖို့ကြုံသည် . . တစ်နာရီ မခွေးမိ .မောင်ပြန်လာ တွေး ချီ . . သည်ရာသီဆောင်း . . ဆောင်းရာသီလည်း . . အမိ . . .


■ အလွန်အေးတဲ့ရာသီ . . အလွန်ချမ်းတဲ့ရာသီ . . အလွန်အေးတဲ့ရာသီ . . မောင်တစ်ရွာ . . မယ်တစ်မြို့တော့ . . နေလို့လည်း . . မဖြစ်နိုင်ပါပြီ . . နှစ်ကိုယ်တွေးရန် . အရေးကြုံပြီ . . မောင်ရယ် . . ဆောင်းအမိရောက်အောင် . . ခင့်ဆီ . . ပြန်ခဲ့စေချင် . . သည် . . .

www.burmeseclassic.com

www.burmeseclassic.com

# ဆောင်းအမိ

တေးရေး- ရန်နိုင်ဆွေ
တေးဆို- မေလှမြိုင်





www.burmeseclassic.com

www.burmeseclassic.com

# ဇေယျာရွှေမြေ

တေးရေး – လင်းခေးလှိုင်
တေးဆို – ငွေးငွေးမြင့်



လင်းခေးလှိုင်



ငွေးငွေးမြင့်

www.burmeseclassic.com

www.burmeseclassic.com



# ဇေယျာရွှေမြေ

တေးရေး – လင်းခေးလုင်
တေးဆို – ဌေးဌေးမြင့်

■ ဇေယျာရွှေမြေ . . မြစ်ရေခွေဝန်းလျား . . ရှုစမ်းရှာ . . သီတာခြံရံ . . နေခ စံရာ . . ရွှေနန်း ကြူးလွန်းက . . မီအရောင်ဝေ . .

■ (ဇေယျာရွှေမြေ . . လာရောက်လို့ . . လည်တဲ့အခါမလေ . . မြန်ပြည်အနှံ့အပြား . .ထင်ရှား အသိပေ . . စစ်ကိုင်းတံတား . . ကျော်ဖြတ်ကာမသွေ . . ဦးခိုက်ကာ ဖူးထိုက်ပါလှသလေ . . .)၂ မြတ်ဘုရား . .ရှင်တော်အမွေ .ငါးထပ်ကြီးနဲ့ ကောင်းမှုတော်စေတီပေ .. ဆင်များရှင်လည်း.. တင့်လျှမ်းကျက်သရေ.. ဝန်ရွယ်ရည်စူး . . ကြည်နူးမဝနိုင်ပေ . . .

■ (ဇေယျာရွှေမြေ . . အလှူဒါန ပြုကြမစဲပေ . . ဇေယျာရွှေမြေ . . သူတော်စင်မြတ် . . တရားရှာမြဲ မသွေ)၂ (စည်သံဖြောသံက ဆူဆူ . . လှုံဝေ ကျက်သရေ . . ရှိလှပါတဲ့ ဇေယျာရွှေမြေ)၂ ဇေယျာရွှေမြေ .ဇေယျာရွှေမြေ . . အေးအတိတ်နဲ့ အေးနိမိတ်ဆောင်ကာနေ . . .

■ ဗုဒ္ဓံပူဇေမိ . . ဓမ္မံပူဇေမိ . . သံဃံပူဇေမိ . . ဘုရား . . . ထူး . . မခြား . . နား . . မီး . . ရေ .စုံသား . . ထွေပြား . . ပြောင်းလို့လို့ . . ထူးထွေ . .များဆွေတည့် . . အံ့ရာသော် . . . (ညို့ညို့ဆိုင်းဆိုင်း . . မှိုင်းမှိုင်းမှုံဝေ . . . စစ်ကိုင်းတောင်တော်ဇွေ . . ထုံးကူဆေးရေး.. ဖွေးဖွေးဖြူနေ.. စေတီတော်အပေါင်း.. ကိန်းအောင်းဌာပနာအမွေ)၂ တောင်ထွတ်တောင်မြတ် . . တောင်နူတ်ခမ်းထက်မလေ . . မန်းသိုက်တော်ဝင် . .ဆွမ်းဦးပုညရှင်နဲ့ . . ပတ္တမြားလွမ်းစေတီ . . လျှမ်းသီဂီရွှေ . . ရှိခိုးပူဇော် . . ဖူးမျှော်နိုင်ကြပါ . . စေ . . .

■ ဇေယျာရွှေမြေ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . အေးအတိတ်နဲ့ အေးနိမိတ်ဆောင်ကာနေ


www.burmeseclassic.com

www.burmeseclassic.com



# ဇေယျာရွှေမြေ

တေးရေး–လင်းခေးလှိုင်
တေးဆို–ဌေးဌေးမြင့်




www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်မှာဝေတဲ့နှင်း

တေးရေး – ကိုလေးလွင်
တေးဆို – ခင်မောင်ကြီး



ကိုလေးလွင်



ခင်မောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



# တက္ကသိုလ်မှာဝေတဲ့နှင်း

တေးရေး – ကိုလေးလွင်
တေးဆို – ခင်မောင်ကြီး

■ နှင်းမှ ဟုတ်ရဲ့လား .. နှင်းလေးတွေမှ .. ဟုတ်ရဲ့လား ..

■ သံသယတော .. အလယ် .. မောတယ် အချစ်ရယ် .. ပန်းချီကဗျာထက်လှတဲ့ .. သီလာတက္ကရဲ့ .. ကျွန်းညို မြဝယ် .. မိုးမြေနီမှိုင်းယောင် .. မာယာဆောင်သို့ .. မြူနှင်းတို့ဝေတဲ့ ကာလ .. ချမ်းမြမြပြောမာန်ဝယ် .. လှပုံကလေးတစ်မျိုးရယ် .. တစိမ့်စိမ့်လေးလည်းအေးတယ် .. တသိမ့်သိမ့်တွေးစရာလေးတွေ .. ရှိနေသည်မို့ တက္ကသိုလ်မှာ.. ဝေတဲ့နှင်းရယ်... နှင်းကလေးတွေမှ ဟုတ်ရဲ့လား.. နှင်းကလေးတွေမှ ဟုတ်ရဲ့လားကွယ် .

■ ချစ်တဲ့သူရယ် .. သည်လိုရှုခင်း .. မြင်ရခြင်းကိုက .. ရွှင်ပျ အားရလှပါတယ် .. ကံ့ကော်မြိုင်တန်းအလယ် .. မြောက်ပြန်လေလေး .. တစ်ချက် .. ကသုတ်ကရက် .. တိုက်ခတ်သည့်အခါဝယ် .. ချစ်သူကိုယ်ရနံ့ .. သင်းပျံ့ပျံ့ကို .. ပြန်လည်သတိရ .. အောက်မေ့လှတယ် ..

■ (တစ်နေ့တစ်မျိုး .. တစ်နေ့တစ်မျိုး .. ပြောင်းလဲတတ်တဲ့ .. စိတ်အစဉ်ကိုလျှင် .. နှားလည်ရန်ပင် ခက်ခဲတယ် .. သည်တော့လည်း .. မသိချင်တော့ပါဘူးကွယ် ..)၂ တက္ကသိုလ်မှာဝေတဲ့နှင်းရယ် ..


■ နှင်းကလေးတွေမှ ဟုတ်ရဲ့လား .. တွေးတောရင်း .. အဖြေမရှာလိုပြီ .. ကွယ် ...

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်မှာဝေတဲ့နှင်း

တေးရေး–ကိုလေးလွင်
တေးဆို–ခင်မောင်ကြီး




www.burmeseclassic.com

www.burmeseclassic.com

# တစ်ဆောင်းသစ်ပြန်ပြီ

တေးရေး – ကိုသန်းလှိုင်
တေးဆို – ကိုသန်းလှိုင်



ကိုသန်းလှိုင်

www.burmeseclassic.com

www.burmeseclassic.com

# တစ်ဆောင်းသစ်ပြန်ပြီ

တေးရေး – ကိုသန်းလှိုင်
တေးဆို – ကိုသန်းလှိုင်

■ မှုန်ပြာရီ .. ရာသီတွေ .. ပြောင်း .. တစ်ဆောင်း .. သစ်ပြန်ပြီ .. ငွေနှင်းမှုန် .. သုန်သုန်လေမြူးဟေမာန်ဦး .. ကူး .. ကူး .. ခဲ့ပြီ ...

■ ခွာပြာညို .. သဇင်ပွင့်ငယ်တို့ .. အဆင့်ဆင့် အစီအရီ .. ပွင့်ရှာကြပြီ .. အခွင့်ရယ်မသာပြီ ဗျာပါ စိတ်ပန်း .. တမ်းတ .. မှန်းဆ .. နွမ်းလျဖြေမဆီ ... လွမ်း .. လွမ်းလှ .. ပါပြီ .. နေနိုင်သော်မူအား သနား မညာပြီ ...

■ မကြဲသာ .. ကံကြမ္မာငယ်မေ့း .. ငိုရေးဖြင့် .. ကြုံရရှာပြီ .. ဝဋ္ဋကြွေးက .. မပြေလည်ပြီ .. သွေ့ဖယ်တော် မူအား .. ခုမျှားဖြင့် .. အသည်းကြွေပြီ .. ခုမျှားဖြင့် .. အသည်းကကြွေပြီ .. လွဲသွေဖီ .. ရှောင်တိမ်း ..


■ စိမ်းမြမြ .. စိမ်းရက်လေသည် .. မသက်ညှာ .. သူကြီးရဲ့ . ရတက်ဖြင့်ပွေရပြီ .. ချစ်ကံငယ် ခေလွန်းသူမတော့ .. စိတ်နောက်ဗျာပါကြွယ် .. မဖြေသာပြီ .. ဆောင်းဝတ်လွှာ .. ပွင့်ပန်း .. ငွေ .. နှင်းမှုန် တွေ့လေတိုင်း .. သောကမုန်တိုင်းက .. ကိုယ့်အပေါ် .. ဖိစီးကြလေပြီ ...

www.burmeseclassic.com

www.burmeseclassic.com


# တစ်ဆောင်းသစ်ပြန်ပြီ

တေးရေး–ကိုသန်းလှိုင်
တေးဆို–ကိုသန်းလှိုင်




www.burmeseclassic.com

www.burmeseclassic.com

# တစ်ပင်တိုင်မင်းသားကြီး

တေးရေး - ဂီတာတင်အုန်း
တေးဆို - ဂီတာတင်အုန်း



ဂီတာတင်အုန်း

www.burmeseclassic.com

www.burmeseclassic.com



# တစ်ပင်တိုင်မင်းသားကြီး

တေးရေး – ဂီတာတင်အုန်း

တေးဆို – ဂီတာတင်အုန်း

■ စဉ်းစားပြီး မရွှင်နိုင်ပါသဗျ.. မင်းသားကြီးတစ်ပင်တိုင်ဘဝမှာ.. ယှဉ်ပြိုင်ကစရာ နမကညာ လိုသဗျ အချိုသတ်ကာ.. အို.. ဇာတ်ဆရာ.. မတရားမလုပ်လိုက်ပါနဲ့ ... နှစ်ပါးသွားလည်း.. ထုတ်ပြပါဦး ခင်ဗျာ

■ (ဟို အလျှို အလျှို ... အခုတွေ့ထဲမတော့ ... ထိုထိုထိုထိုထိုထို .. သူအတွဲတွေနဲ့ခင်ဗျာ )၂ သက်ညှာ မကြိုက်စရာ . . ဒါကတော့ မျက်နှာလိုက် သဗျာ.. တွေးဆ.. မကျေစရာသည်မလေ.. မေးပါရစေ တစ်ခါ..

■ အမှန်အကြောင်း ထုတ်ပြောစဉ်းစားစရာ.. အသံကောင်း ရုပ်ချောမင်းသားပါ . . သဘောမကျတာ ထပ်ခါ . . ပြောပြ ဇာတ်ဆရာ .. တစ်ပင်တိုင်အက မရွှင်နိုင်သဗျ.. ယှဉ်ပြိုင်လို့ ပြလိုက်ချင်သဗျာ သူများ တွေနဲ့.. တစ်မူခြားနေလို့ . . အကြောင်းကံခေသူမှာတောင်းပန်နေသူပါ.. ဘဝဇာတ်ဆရာခင်ဗျာ.. မတရား လည်းပဲ မလုပ်ပါနဲ့ဗျာ.. နှစ်ပါးသွားလည်း ထုတ်ပြပါဦး.. ခင်ဗျာ...

■ ကရာ ဆိုရာ ငိုရာ .. အချိုးကျတဲ့သူပါခင်ဗျာ .. မဆိုးလှတဲ့ရုပကာ .. အစစအရာရာ ချိုသာ ရိုးလှတဲ့ သူပါခင်ဗျာ .. တစ်မျိုးလှတဲ့အမူအရာ .. ကရာ ဆိုရာ ငိုရာ .. အချိုးကျတဲ့သူပါခင်ဗျာ .. တစ်မျိုးလှတဲ့ရုပကာ .. အစစအရာရာ ချိုသာ ရိုးလှတဲ့သူပါခင်ဗျာ .. မဆိုးလှတဲ့ အမူအရာ ...

■ အမှန်အကြောင်း........................ နှစ်ပါးသွားလည်း ထုတ်ပြပါဦး ခင်ဗျာ


www.burmeseclassic.com

www.burmeseclassic.com



# တစ်ပင်တိုင်မင်းသားကြီး

တေးရေး–ဂီတာတင်အုန်း
တေးဆို–ဂီတာတင်အုန်း



www.burmeseclassic.com


www.burmeseclassic.com

# တန်ပို့ မဖုရား

တေးရေး – ချိုတေးဆက် ကိုအောင်ကိုး
တေးဆို – မောင်မောင်ကြီး



ချိုတေးဆက် ကိုအောင်ကိုး



မောင်မောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



# တန်ပို့ မဖုရား

တေးရေး – ချို့တေးဆက် ကိုအောင်ကိုး
တေးဆို – မောင်မောင်ကြီး


■ မှန်နန်း . . ပွေသီဟာ . . စံမြန်းရွှေညီလာ . . ကေသာ . . မှင်ပိတုန်း . . ရွှင်ပြုံး . . နှုန်းဖွဲ့ မူယာ ပျူငှာ ချစ်ယောင်စကား . . ယုံစားမိ . . အမှားဒဏ် . . . မောင်တစ်ပါးခံစားနေ . . . . ယခု ကြွေလုအောင်သာ သစ္စာ ခြုံ မုသား . . ဖြစ်လာပုံခုများ . . ပြုအားရက် သူ့မြားချက်က နာ . . (တန်ပို့မဖုရား . . သင့်နှုတ်ဖျား မုသားသစ္စာ . . အမြဲမကြားချင်သပါ . . လွဲမှား . . ယခင်က . . သြော် . . အသည်းစား . . ဘုရင်မကြီး ပွဲပြားမေတ္တာ . . )[၂] သူ့အလှကွန်ယက် . . ပိုင်နက်ကန္တာမှာ . . မေတ္တာအသည်းကိုတောင် . . အမဲကောင် သဘောထား . . တောကစားတတ်သမို့ . . နောက်သို့ . . ငုံ့ . . လျှိုး . . ကျွန်တော်မျိုး လျှောက်ထား . . နောက်များ . . မချဉ်းဝံ့ပါ . . .

www.burmeseclassic.com

www.burmeseclassic.com


# တန်ပါ့မဖုရား

တေးရေး–ချိုတေးဆက်အောင်ကိုး
တေးဆို–မောင်မောင်ကြီး




www.burmeseclassic.com

www.burmeseclassic.com


# တိမ်တမန်

တေးရေး – မောင်မောင်လတ်

တေးဆို – စန္ဒရားလှထွတ်



မောင်မောင်လတ်



စန္ဒရားလှထွတ်

www.burmeseclassic.com

www.burmeseclassic.com



# တိမ်တမန်

တေးရေး – မောင်မောင်လတ်
တေးဆို – စန္ဒရားလုထွတ်

■ မှိုင်းပြာ . . မှုန်ဝေ . . တိမ်မည်းညိုရိပ်တွေ တောင်ပြန်လေ . . တပ်လှန့်နှိုး . . နိုးကြွလာပြီလေ တဖြည်းဖြည်း . . လာချေပြီလေ . . ပင်လယ်တွေဖြတ်သန်း . . ရိုးမအပေါ် . . လွှားကျော်တာပေ သူ့ချစ်မိတ်ဆွေ . . တို့မြန်မာနိုင်ငံပြေ(ပြည်) . . လက်ဆောင်ပါးတဲ့ . . မိုးပုလဲပန်းတွေ . . ရွာပါစေလေ အေးအေးချမ်းချမ်း ရွာပါစေ .


■ ဆည်မြောင်းချောင်းကန် . . ပြည့်လျှံတိုးအောင် . . မိုးလုံးမည်းမှျ . . မရွာစေချင်ပါပေ . . ဆည်မြောင်းချောင်းကန် .အသင့်အမှန်ဖြိုးရန် . . ပုလဲလုံးရွယ်အလှ . . ရွာစေချင်ပါပေ . . တို့ပြည်သည်ကား .ဆန်စပါးအသက်ပေ .တို့မြေသည်ကား . . ဆန်စပါး အခက်ဝေ မက်မပြေနိုင်သော . . လယ်တောယာမြေ . . ထွန်ယက်ပြုစု . . ယုယအမြဲပေ . . . တိမ်တမန် . . အိုအဆွေ . . တို့များရှင်လန်း . . ပုလဲပန်းကို . . ချွေ . . .

www.burmeseclassic.com

www.burmeseclassic.com

# တိမ်တမန်

တေးရေး–မောင်မောင်လတ်
တေးဆို–စန္ဒရားလှထွတ်




www.burmeseclassic.com

www.burmeseclassic.com

# နပန်းဆံ

တေးရေး – အလင်္ကာကျော်စွာရွှေပြည်အေး
တေးဆို – အကယ်ဒမီမြင့်မြင့်ခင်



အလင်္ကာကျော်စွာရွှေပြည်အေး



အကယ်ဒမီမြင့်မြင့်ခင်

www.burmeseclassic.com

www.burmeseclassic.com



# နပန်းဆံ

တေးရေး – အလင်္ကာကျော်စွာရွှေပြည်အေး
တေးဆို – အကယ်ဒမီမြင့်မြင့်ခင်

■ တို့များ မွေးသောဌာန . . ကျေးတောရွာက သာလှတို့များ . . အသားရယ်ဖြူ ပြန်သတော့ လူဟန်က သနားသမားနဲ့ ယှဉ်သပေါ့ . . ကြော့ကာပဲ . . ရပ်ထဲရွာထဲ . . အလှူပွဲခင်းသမျှ . . သင်း က ပါမြဲ ပိုးဇာဖဲ အဖိုးမှာမနည်း . . မုဆိုးပါဆွဲ လူကြားထဲ . . ဖွဲ့သွန်ကပြန် . . ပွဲအလွန်ကျ တာအမှန် . . နှစ်ခါပြန် ရွာခံလူတိုင်း ဝိုင်းလို့ တောင်းပန် . . လာပြန်ချီသေးရဲ့ တစ်ဖန် . . (မြန်မြန် ဆန်ဆန် မြန်မြန်) . . ညာသံမည် ပေးခဲ့ပြန် . . (မြန်မြန် ဆန်ဆန် မြန်မြန်) . . အဖော်တွေမှာ မျှော်နေတဲ့အမှန် . . (အော်နေ ခေါ်နေသံ) . . ပျော်လေကွာ ဖျော်ဖြေပါရန် . . (အော်နေ ခေါ်နေသံ) . . ငါ့သာလှ . . (ဗျ ဗျာ ဗျ) . . ကပါဟ သာလှ . . (က မှာ ပ ဗျာ ဗျ) ပါးတစ်ဖက်တစ်ချက် . . ပါးကွက်ကိုနှံ့ . . မျက်နှာထား သနပ်ခါးခံ . . (ဟုတ်ပ) . . အသားညက်ညက် မပျက်စိုရန် . . တစ်သက်တာသွား မှတ်သာဟန် . . (အဟုတ်လှ) . . နားအထက်က ဖွေမှာသူပန်းပန် . . နပန်းဆံ . . နပန်းဆံ . . နားထင်ဘေးက တန်းချပြန် . . လှမ်းကတဲ့ဟန် . . (ဟေ့) . .

■ (ဟေးလားကွယ်မောင်ရို့ . . ဟေးလားကွယ်မောင်ရို့ . . ဝမ်းစမိုးရော့ သောသောညံ . . ယော ယော . .)၂ တစ်ခါတစ်ရံများ . . ဗျာ ပါဟန်ထား . . ကြာဆံသား ကေန် . . ရွာခံများက မြှောက်စားပြန် . . ယောကျ်ားဘသား သာလှ နပန်းဆံ . . (နောက်တစ်ခါ လာပြန်ချီသေး ဟေ . . ဟေ . . ဝါး)၂

BURMESE CLASSIC .com

■ အစားသန်သန် . . တစ်အားမြန်မြန် . . အလှူလာရန် လူတကာထံ . . ငထွေးသာညာ ကလေးပါမကျန် မီးခိုးတိတ် ဆိတ်ကြအမှန် . . ကြက်ဆီပြန် ဝက်သားနီပန်းကန် . . မအီအောင် ချဉ်ပေါင်ခံ သွားဖုံးမြုပ်မှတန် ကုန်းတုတ်ကြရန် . . ဝက်သားတုံးကြီး လက်သီးဆုပ်သဏ္ဍာန် . . (နိုပ်ဟ) . . (ထမင်းရည်ချောင်းစီး ပေါင်းပြီး သွန်ရန် . . . ပြည်ဝင်ကြေးအိုး . . မီးထိုးပါမြန်မြန် . .)၂ ဟဲ့ . . ဟဲ့ . . ဆာကြမယ်ကေန် . . အို . . အို ဖျာစမယ် ပေကျုံ . . ဟယ် သာလှရယ် . . အစာဝရင် လာကရန် . . နင် မခိုနဲ့ဟာ . . အိုဘယ့်နှာ ခေါ်ရပြန် တစ်ဦးစ နှစ်ဦးစ . . ဘောက်ဆူးချမှ ထမဲ့ဟန် . . ပေးကြတော့ အမြန် . . (ဟေ့)

■ ဟေလာကွယ်မောင်ရိုး . . . . . . . . . . . . . နောက်တစ်ခါ လာပြန်ချီသေး ဟေ ဟေ . . . ဝါး


www.burmeseclassic.com

www.burmeseclassic.com



# နပန်းဆံ

တေးရေး–အလင်္ကာကျော်စွာရွှေပြည်အေး
တေးဆို–အကယ်ဒမီမြင့်မြင့်ခင်




www.burmeseclassic.com


www.burmeseclassic.com


# နေ့စဉ် ပိတောက်ပွင့်ပါစေ

တေးရေး – စန္ဒရားချစ်မောင်
တေးဆို – အေဝမ်းတင်တင်လှ



စန္ဒရားချစ်မောင်



အေဝမ်းတင်တင်လှ

www.burmeseclassic.com

www.burmeseclassic.com



# နေ့စဉ် ပိတောက်ပွင့်ပါစေ

တေးရေး – စန္ဒရားချစ်မောင်
တေးဆို – အေဝမ်းတင်တင်လှ

■ မောင်လာမယ်.. ချစ်စကားဖွဲ့လို့.. ဆိုထားခဲ့တဲ့.. ပိတောက်ပွင့်ချိန် ကြိုနေပါတယ် .. လက်ရည်ချိုးကာ ကြိုဆိုနေနှင့်မယ် . . .

■ ပိတောက်ပွင့်ရက်ဝယ် . . မောင်လာနေကြကွယ် . . ဥသြတွေ တေးချစ်ဖွဲ့ရင် . . ရောက်မြဲမို့ ရာသီ ကာလတွေ . . မိုး နွေ ဆောင်း များရယ် . . ပြောင်းရွှေ့ကာ မရှိပါရင်ကွယ် . . အချိန်တွေတိုင်းဟာ အမြဲတကယ် . . ပိတောက်ပွင့်ရက်ပဲ . . ဖြစ်၍နေချင်တယ် . . .

BURMESE CLASSIC .com

■ ရေမြေခြားလို့ရယ်.. လွမ်းစာခွေပါစေ.. ရင်ဖြင့်တကယ်.. မှာခွေ့စကားများရယ် .. သစ္စာနွယ် ကမ်းဆင့်နေကြမယ်.. မောင်ရေ ..ဆက်ဆက်ကွယ် ရောက်အောင်သာ .. လှမ်းလာခဲ့ပါ့ကွယ်.. အကြင်နာအပြုံးနဲ့ရယ်.. ဆီးကာတကယ် စောင့်ကြိုပါ့မယ် ... ပိတောက်ပွင့်ရင်.. မောင့်ကို.. လာလမ်း မှန်းလို့ရယ်.. မျှော်နေသူဘဝဝယ် .. ပန်းရေဝေးသည့်နှယ် . .သြော် . . ပိတောက်တွေ . . နေ့စဉ် ပွင့်ပါစေကွယ်


www.burmeseclassic.com

www.burmeseclassic.com



# နေ့စဉ်ပိတောက်ပွင့်ပါစေ

တေးရေး–စန္ဒရားချစ်မောင်
တေးဆို–အေဝမ်းတင်တင်လှ




www.burmeseclassic.com

www.burmeseclassic.com

# နွေဦးတေးသံ

တေးရေး - ရန်နိုင်ဆွေ
တေးဆို - မေလှမြိုင်



ရန်နိုင်ဆွေ



မေလှမြိုင်

www.burmeseclassic.com

www.burmeseclassic.com



# နွေဦးတေးသံ

တေးရေး – ရန်နိုင်ဆွေ
တေးဆို – မေလှမြိုင်

